THE WORLD BANK
IBRD • IDA | WORLD BANK GROUP

**သတင်းထုတ်ပြန်ချက်**

# မြန်မာ ကျောင်းသား သန်းပေါင်းများစွာ အကျိုးရှိနိုင်မည့် စီမံကိန်း ကမ္ဘာ့ဘဏ် ကူညီ

**မေလ ၂၀ ရက်၊ ၂၀၁၄ ခုနှစ်။ ဝါရှင်တန် ဒီစီ -** ကျောင်းသူကျောင်းသား ၈.၂ သန်း တက်ရောက် ပညာသင်ကြားနေသည့် မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ စာသင်ကျောင်းများသို့ ကျောင်းရန်ပုံငွေ ထောက်ပံ့ခြင်း အစီအစဉ်နှင့် ဆင်းရဲ နွမ်းပါးသော ကျောင်းသူ ကျောင်းသား တစ်သိန်းခန့်အား ပညာသင် ထောက်ပံ့ခြင်း အစီအစဉ်များကို တိုးချဲ့ ဆောင်ရွက်နိုင်ရန် အတွက် မြန်မာနိုင်ငံအစိုးရအား ကမ္ဘာ့ဘဏ်က ကူညီသွားမည့် စီမံကိန်းတစ်ရပ်ကို ယနေ့တွင် ကမ္ဘာ့ဘဏ်၏ အမှုဆောင် ဒါရိုက်တာဘုတ်အဖွဲ့က အတည်ပြုလိုက်ပြီဖြစ်သည်။ အဆိုပါ ဗဟိုချုပ်ကိုင်မှု လျှော့ချထားသော ကျောင်းရန်ပုံငွေ ထောက်ပံ့ရေးစီမံကိန်းကို ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ဆင်းရဲနွမ်းပါးသည့် ပြည်သူများအား ကူညီပေးသည့် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေး အဖွဲ့ ရန်ပုံငွေမှ နှစ်ရှည်ချေးငွေ အမေရိကန်ဒေါ်လာ သန်း၈၀ အပြင် ဩစတြေးလျနိုင်ငံမှ အလှူငွေ အမေရိကန် ဒေါ်လာ သန်း၂၀ စုစုပေါင်း ဒေါ်လာ သန်း ၁၀၀ ဖြင့် Myanmar Partnership Multi-Donor Trust Fund မှ တစ်ဆင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုစီမံကိန်းသည် မြန်မာနိုင်ငံအစိုးရက ဆောင်ရွက်နေသည့် ကျောင်းထောက်ပံ့ကြေး စီမံချက်နှင့် အခြေခံပညာဆင့် ကျောင်းသူ ကျောင်းသားများအတွက် ပညာသင်ထောက်ပံ့ကြေးချီးမြှင့်ရေး စီမံချက် လုပ်ငန်းများ ပိုမို တိုးတက် အောင်မြင်မှု ရရှိစေရန် ကူညီသွားမည်ဖြစ်သည်။

ယခုစီမံကိန်းသည် ပညာရေးဝန်ကြီးဌာနက ဆောင်ရွက်နေသည့် အဆိုပါ အစီအစဉ် နှစ်ခုကို တိုက်ရိုက် ကူညီသွားမည် ဖြစ်ပြီး ဝန်ကြီးဌာန လက်အောက်ရှိ အခြေခံပညာကျောင်းများ အားလုံး အတွက် ရည်ရွယ်ပါသည်။ ထို့အတူ ကျောင်းသူ ကျောင်းသားများအတွက် ပညာသင် ထောက်ပံ့ကြေးချီးမြှင့်ရေး စီမံချက်ကို မြို့နယ် (၄၀) တွင် စီမံကိန်းကာလ ၄ နှစ်အတွင်းတွင် အကောင်အထည် ဖော်မည်ဖြစ်သည်။ အဆိုပါ စီမံချက်များကို  အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ဆန်းစစ် ကြီးကြပ်ရန်အတွက် ပညာရေး ဝန်ကြီးဌာန၏ စွမ်းဆောင်ရည် မြှင့်တင်ရာတွင်လည်း ကူညီသွားမည်ဖြစ်သည်။

"အခွင့်အလမ်းတွေ နည်းပါးပြီး ဝေးလံတဲ့ ဒေသက ဆင်းရဲနွမ်းပါးတဲ့  ကလေးငယ်တွေအတွက် ပညာရေး ကောင်းမွန်စေဖို့ ဆောင်ရွက်တာဟာ မြန်မာနိုင်ငံ အတွက် ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးနဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက ကျပါတယ်။ လွန်ခဲ့တဲ့ နှစ်တွေအတွင်း မြန်မာနိုင်ငံ အစိုးရက ပညာရေး အသုံးစရိတ်တွေကို မြှင့်တင်ဖို့ ကြိုးစားလာတာကို မြင်တွေ့ရတာ အားတက်မိပါတယ်" ဟု ကမ္ဘာ့ဘဏ် မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် မစ္စတာ ခန်သန်ရှုန်ကာက ပြောသည်။

ယခုစီမံကိန်းသည့် မြန်မာ့ ပညာရေး ကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ရည်မှန်းဆောင်ရွက်ခြင်းဖြစ်ပြီး ယခု စီမံကိန်းများမှ တစ်ဆင့် ပညာရေး ဝန်ကြီးဌာန၏ စွမ်းဆောင်ရည်များကို မြှင့်တက်လာစေရန် ကူညီသွားမည်ဖြစ်ပြီး နိုင်ငံသားတိုင်းအတွက် ကောင်းမွန်သော ပညာရေးစနစ်ကို ရရှိစေရန်၊ ကျောင်းထွက်နှုန်းလျော့ကျပြီး ကျောင်းသားများ ပညာရေးကို ဆုံးခန်းတိုင် သင်ကြားခွင့်ရရှိစေရန် ကူညီသွားမည်ဖြစ်သည်။

ငွေကြေးသုံးစွဲရာတွင် တိုင်းတာနိုင်သည့် ရလဒ်များဖြစ်ပေါ်လာရန် အသုံးပြုသည့် စရိတ်များကို ပြန်လည် တောင်းယူနိုင်သည့် ရလဒ်အခြေပြု ငွေကြေးကူညီခြင်းနည်းလမ်းဖြင့် ရန်ပုံငွေများကို ပေးအပ်သွားရန် စီစဉ်ထားသည်။ အဆိုပါ နည်းလမ်းကို အသုံးပြုရခြင်းမှာ ပညာရေးဝန်ကြီးဌာနအနေဖြင့် ရလဒ်များ ထွက်ပေါ်လာစေရန် ပိုမို အလေးပေးဆောင်ရွက်နိုင်မည်ဖြစ်ပြီး ကျောင်းသားများ၏ တိုးတက်မှု အခြေအနေကို တိုင်းတာ ကြီးကြပ်နိုင်မည့် Database တစ်ခုကို တည်ဆောက်နိုင်ရန် ဖြစ်ပါသည်။ ယခု စီမံကိန်းသည် ကမ္ဘာ့ဘဏ်အနေနှင့် မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍတွင် ပထမဦးဆုံး ကူညီဆောင်ရွက်မှု ဖြစ်သော်လည်း အခြားနိုင်ငံများနှင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများထံမှ အကြံဉာဏ်နှင့် အတွေ့အကြုံများကို ပေါင်းစပ်ဆောင်ရွက်ထားပါသည်။ ၎င်းတို့ကို စီမံကိန်း ပြင်ဆင်သည့် အဆင့်တွင် စီမံကိန်းဒီဇိုင်း ရေးဆွဲခြင်းနှင့် ကမ္ဘာ့အနှံ့အပြားရှိ လေ့လာသင်ယူစရာ များကို အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်းအပါအဝင် နည်းလမ်းပေါင်းစုံဖြင့် ရယူခဲ့ပါသည်။

ယခု ပညာရေး စီမံကိန်းသည် ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် အခြား ဖွံ့ဖြိုးရေးဆိုင်ရာ ကူညီမှုများနှင့်လည်း ဆက်စပ်လျက်ရှိသည်။ ထိုကူညီမှုများ၏ အဓိက ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံပြည်သူများအတွက်

အဓိကကျသည့် ပြည်သူ့ဝန်ဆောင်မှုများကို ပိုမို တိုးတက်ရရှိစေနိုင်ရန် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ အစိုးရ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ရန်ဖြစ်သည်။ ဥပမာအားဖြင့် ကမ္ဘာ့ဘဏ်သည် ပိုမို ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် ငွေကြေး အရင်းအမြစ်များကို ပိုမို စနစ်တကျ စီမံခန့်ခွဲနိုင်စေရန်အတွက် မြန်မာနိုင်ငံ၏ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ် တိုးတက်ကောင်းမွန်စေရန် ကူညီဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ ပြည်သူ့ဘဏ္ဍာငွေသုံးစွဲမှုဆိုင်ရာ လေ့လာဆန်းစစ်မှုတစ်ခုကို ဆောင်ရွက်ခဲ့ပြီးဖြစ်သည့်အပြင် ပညာရေးနှင့် ကျန်းမာရေး ကဏ္ဍများအတွက် ပြည်သူ့ဘဏ္ဍာငွေ သုံးစွဲမှု လေ့လာဆန်းစစ်ခြင်းကိုလည်း ဆောင်ရွက်လျက်ရှိသည်။

*For more information, please visit: www.worldbank.org/myanmar.*

**Contacts in Yangon:**
**Kyaw Soe Lynn** klynn@worldbank.org +95 9 203 1159
**Meriem Gray** mgray@worldbank.org +959 421128395
**Washington:**
**Carl Hanlon** chanlon@worldbank.org
**Broadcast:** Mehreen Sheikh +1 (202) 458-7336, msheikh1@worldbank.org